ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

ကာကွယ်ရေးဆိုင်ရာ အခြေခံမူများ

ကာကွယ်ရေးကဏ္ဍအား ဖက်ဒရယ်စနစ်နှင့်အညီ ဒီမိုကရေစီနည်းကျထိန်းချုပ်မှုရှိစေရန်ရည်မှန်းလျက် အောက်ပါအခြေခံမူများကို ချမှတ်သည်။

<u>နိုင်ငံရေးဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီခြင်း</u>

၁။ ကာကွယ်ရေးမူဝါဒများသည် အမျိုးသားညီညွတ်ရေးအစိုးရက ချမှတ်သော နိုင်ငံရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဖြစ်ရမည်။

၂။ ကာကွယ်ရေးမူဝါဒများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီရမည်။

၃။ ကာကွယ်ရေးမူဝါဒများသည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တည်းဟူသော ဖက်ဒရယ်တန်ဖိုးများနှင့် ကိုက်ညီရမည်။

<u>ဦးဆောင်မှု</u>

၄။ ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် အရပ်သားများဖြစ်ရမည်။

၅။ ကာကွယ်ရေးဝန်ကြီးသည် ကာကွယ်ရေးဆိုင်ရာ မူဝါဒများအရ တပ်မတော်ကို စီမံကွပ်ကဲရမည်။

၆။ အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူ့လုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရမည်။

၇။ စစ်သေနာပတိသည် ကာကွယ်ရေးဝန်ကြီးက အဆိုပြုသူကို တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ရမည်။ ထိုသို့ခန့်အပ်ရာတွင် လူမျိုးဘာသာ ခွဲခြားမှုမရှိစေရ။

ကာကွယ်ရေးမူဝါဒများချမှတ်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၈။ ကာကွယ်ရေးဝန်ကြီးဌာနသည် ကာကွယ်ရေးမူဝါဒများကို ရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

၉။ ကာကွယ်ရေးဝန်ကြီးဌာနအား ဖွဲ့စည်းရာတွင် ကဏ္ဍအလိုက်ကျွမ်းကျင်သော အရပ်ဘက်ပညာရှင်များ ပါဝင်ရမည်။

၁၀။ ကာကွယ်ရေးမူဝါဒများ ရေးဆွဲပြဋ္ဌာန်းရာတွင် ပြည်သူလူထုထံသို့ တင်ပြခြင်းနှင့် အကြံပြုချက်များ ရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ဆောင်ရမည်။

ကာကွယ်ရေး ကဏ္ဍအပေါ် ဥပဒေပြုအာဏာမှကွပ်ကဲမှု

၁၁။ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အရပ်ဘက် အုပ်ချုပ်မှုနှင့် ကွပ်ကဲမှု ရှိရမည်။

၁၂။ ကာကွယ်ရေးဘတ်ဂျက်ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၃။ ကာကွယ်ရေးအသုံးစရိတ်များသည် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး၊ အသုံးစရိတ်များနှင့် ပတ်သက်၍ လွှတ်တော်မှ ကြားနာစစ်ဆေးခွင့်ရှိရမည်။

၁၄။ လွှတ်တော် (သို့မဟုတ်) လွှတ်တော်ကိုယ်စားပြုကော်မတီ၏ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ကော်မတီနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရမည်။

ကာကွယ်ရေးကဏ္ဍအပေါ်တရားစီရင်ရေးအာဏာမှ ကွပ်ကဲမှု

၁၅။ စစ်ဘက်က အရပ်သားများအပေါ် ကျူးလွန်သော ပြစ်မှုဟူသမျှကို အရပ်ဘက်တရားရုံးများတွင် စစ်ဆေးစီရင်ရမည်။

၁၆။ စစ်ဘက်က လုပ်ဆောင်သော လုပ်ငန်းများတွင် ပြည်သူလူထုအပေါ် နစ်နာချက် တစ်စုံတစ်ရာ ဖြစ်ပွားသည်ဟု သံသယ ရှိပါက စစ်ခုံရုံးက စုံစမ်းစစ်ဆေးအရေးယူရမည့်အပြင် အရပ်ဘက်တရားရုံးကလည်း စစ်ဆေး အရေးယူပိုင်ခွင့် ရှိရမည်။

ကာကွယ်ရေးဆိုင်ရာစီမံခန့်ခွဲမှု

၁၇။ ကာကွယ်ရေး ဝန်ကြီးဌာနသည် စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို လွှတ်တော်၏ အတည်ပြုချက်နှင့် အညီ ပြဋ္ဌာန်းထားရှိလျက် ကျင့်သုံးဆောင်ရွက်ရမည်။

၁၈။ ကာကွယ်ရေးနှင့်စပ်လျဉ်းသော ဌာနအသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ် ထားရှိရမည်။

၁၉။ တပ်မတော်၏ စစ်အင်္ဂါစဉ် (Order of Battle) များကို သတ်မှတ်ထားရှိရမည်။

၂၀။ ကာကွယ်ရေးနှင့် စပ်လျဉ်းသော ဌာနအလိုက်၊ တပ်ဖွဲ့အလိုက် လက်စွဲစာအုပ်များ အသီးသီး ထားရှိရမည်။

၂၁။ ကာကွယ်ရေးဆိုင်ရာ အစီရင်ခံစာများကို ပြည်သူ့လုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီသို့ တင်ပြရမည်။

<u>နိုင်ငံတကာမှလက်ခံထားသော ဥပဒေများနှင့်ကျင့်ဝတ်များကိုလိုက်နာခြင်း</u>

၂၂။ ပြည်ထောင်စု၏ အကျိုးစီးပွားနှင့်ကိုက်ညီသော နိုင်ငံတကာစစ်ဥပဒေများအား တိကျစွာပြဋ္ဌာန်းလိုက်နာ ရမည်။

၂၃။ စစ်မြေပြင်တွင် ဂျီနီဗာကွန်ဗင်းရှင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်။

၂၄။ သတင်းမီဒီယာများ လွတ်လပ်စွာသတင်းရယူခွင့်ရှိရမည်။

<u>ရာထူးတာဝန်သတ်မှတ်ချက်များ</u>

၂၅။ ကာကွယ်ရေးကဏ္ဍအတွက် ရာထူး၊ တာဝန်များ စနစ်တကျ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်သော သတ်မှတ်ချက်များကို ရေးဆွဲဖော်ဆောင်ရမည်။

၂၆။ ကာကွယ်ရေးဆိုင်ရာ ရာထူးနှင့် တာဝန်များသတ်မှတ်ပေးအပ်ရာတွင် လူမျိုးဘာသာအရ ခွဲခြားမှုများ မရှိစေရန် စီမံဆောင်ရွက်ရမည်။

၂၇။ ကာကွယ်ရေးဆိုင်ရာ ရာထူးနှင့် တာဝန်များသတ်မှတ်ရာတွင် ကျား/မ ခွဲခြားမှုမရှိစေရန် စီမံဆောင်ရွက် ရမည်။

<u>ဘဏ္ဍာရေးစီမံမှုနှင့်အရင်းအမြစ်ခွဲဝေမှု</u>

၂၈။ ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ကာကွယ်ရေးအသုံးစရိတ် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ကို သီးသန့်ထားရှိရမည်။

၂၉။ ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက် များနှင့်အညီ ဖြစ်ရမည်။

၃၀။ ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များသုံးစွဲရာတွင် သက်ဆိုင်ရာ အရပ်ဘက်စာရင်းစစ်ဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

၃၁။ ကာကွယ်ရေးဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများအပေါ်တွင် မှီတည်၍ ရေးဆွဲရမည်။

၃၂။ လွှတ်တော်သို့တင်သွင်းလာသော ကာကွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်များကို လွှတ်တော်က စိစစ်ခြင်း၊ လျှော့ချခြင်း၊ဖြတ်တောက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကိုပြုလုပ်နိုင်သည်။

နိုင်ငံတကာနှင့်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှု

၃၃။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အစိုးရ၏ နိုင်ငံခြားရေးမူဝါဒများ၊ ဝန်ကြီးဌာန၏ ကာကွယ်ရေးဆိုင်ရာမူဝါဒများ၊ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရမည်။

၃၄။ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတကာနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်မှုရှိစေရန် သက်ဆိုင်ရာ နိုင်ငံခြားရေး၊ ပြည်ထဲရေး ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

၃၅။ နိုင်ငံတကာတပ်များနှင့် စစ်ရေးပူးတွဲလေ့ကျင့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတပ်တွင် ပူးတွဲတာဝန်များ ထမ်းဆောင်နိုင်ခွင့်ရှိရမည်။